

# ပါဠိအခြေခံသင်ခန်းစာ

## Day - 11

**ကံ (Object)**

paligrammar.yam@gmail.com

# ဒုတိယာဝိဘတ်

| | | | |
|---|---|---|---|
| ၁။ ပုရိသာဒိဂိုဏ်း (ပုလ္လိင်) | ဒု | ပုရိသံ | ပုရိသေ |
| ၂။ စိတ္တာဒိဂိုဏ်း (နပုံလိင်) | ဒု | စိတ္တံ | စိတ္တေ, စိတ္တာနိ |
| ၃။ ကညာဒိဂိုဏ်း (ဣတ္ထိလိင်) | ဒု | ကညံ | ကညာ, ကညာယော |

# Sentence Structure (5)

Subject + Verb + Object

ကလေးသည် ရွာကို သွားသည်။

Sbj Obj Verb

A boy goes to the village.

Sbj Verb Obj

ဒါရကော ဂါမံ ဂစ္ဆတိ။

Sbj Obj Verb

သမဏော ဒေါသံ ဝိပဿတိ။

ရဟန်းသည် ဒေါသကို ဝိပဿနာရှု၏။

ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ။

ရာဂကို ကြီးစွာသောအကြောင်းပြု၍ သူ့အသက်ကို သတ်၏။

ဒါနံ ဒတွာ သီလံ သမာဒိယတိ။

ဒါနကို လှူ၍ သီလကို ဆောက်တည်၏။

# လေ့ကျင့်ခန်း(၁)

## အောက်ပါ ပါဠိကို နိဿယပေး၊ မြန်မာပြန်ခဲ့ပါ။

၁။ အဟံ ဒါရိကံ ပဿာမိ။

၂။ ကညာ ဒါရကံ ဩလောကေတိ။

၃။ ကုဇ္ဈသိ နု တွံ ဗာလံ ။

၄။ န ကုဇ္ဈာမိ အဟံ ဗာလံ ၊ ကုဇ္ဈာမိ အဟံ ပဏ္ဍိတံ ။

၅။ သမဏာ ဇေတဝနံ နာမ အာရာမံ အာဂစ္ဆန္တိ။

# လေ့ကျင့်ခန်း(၂)

## အောက်ပါစာကြောင်းကို ပါဠိရေးခဲ့ပါ။

(က) ငါသည် လူမိုက်ကို အလိုမရှိ။

(ခ) လူတို့သည် ကလေးမကို ကြည့်ကြကုန်၏။

(ဂ) ကလေးသည် ရန်အောင်မြင်မည်သော ကျောင်းတိုက်သို့ လာ၏။

(ဃ) ရဟန်းတို့သည် ဆွမ်းကို မရကြ။

(င) အလွန်လှသော သတို့သားသည် သတို့သမီးကို မရ။

# ကြည့်ရှုရန်။

ပဿတိ- မြင်၏ (ကြည့်)။

ဩလောကေတိ - ကြည့်၏။

လဘတိ- ရ၏။

ဣစ္ဆတိ-လိုလား, လိုချင်, အလိုရှိ၏။

အဘိရူပံ - လွန်ကဲသော အဆင်းရှိသော (အလွန်လှသော)။

ဇေတဝနံနာမ - ဇေတဝန်မည်သော ။

အာရာမော - အာရာမ်, ခြံ , ကျောင်းတိုက်။